# ၁ နှင့် ၂ ဘုရင်များစာစောင်

Message Eight

## သခင်ဘုရား၏ သန့်ရှင်းသောဗိမာန်တော်အထဲသို့ ကြီးထွားခြင်း

ဖတ်ရန်ကျမ်း။ ။ ဧ၂း၅-၆၊ ၈၊ ၁၈-၂၂။ ၃း၄-၅။ ၁ကော၊၃း၁၆-၁၇။ ၆း၁၇

**I. ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့ကယ်တင်ခံရခြင်း၊ ခရစ်တော်နှင့်အတူတကွ ထမြောက်လာ၍၊ ကောင်းကင်ဆိုင်ရာများ၌ ကိုယ် တော်နှင့်အတူတကွ ထိုင်နေခြင်း၊ ခမည်းတော်ထံ ဝင်ရောက်ခွင့်ရှိခြင်းတို့မှာ သခင်ဘုရား၏ သန့်ရှင်းသောဗိမာန်တော်အထဲသို့ ကြီးထွားလာခြင်းမှတစ်ဆင့် ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်ကို တည်ဆောက်ခြင်းအတွက် ဖြစ်သည် - ဧ၂း၅-၆၊၈၊ ၁၈၊ ၂၁-၂၂။**

A. ဘုရားသခင်သည် အသေခံခဲ့သော ယေရှုကို ပြန်ရှင်စေသည့်အချိန်၌ ကျွန်ုပ်တို့ကို အတူတကွ ပြန်ရှင်စေခဲ့သည်။ ထို့ကြောင့် ကိုယ်တော်သည် ကျွန်ုပ်တို့ကို ခရစ်တော်နှင့် အတူတကွ အသက်ရှင်စေခဲ့သည် - အငယ်၊၅။

B. ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဆိုးယုတ်သော သေခြင်းအနေအထားထဲမှ အံ့သြဖွယ်ရာ အသက်၏ နယ်ပယ်အဝန်းအဝိုင်းအထဲသို့ ကယ်တင်ခံရကြသည် - အငယ်၊၅။

C. ပြီးမြောက်စေသူ၊ နည်းလမ်းဖြစ်သည့် သားတော်ဘုရားမှတစ်ဆင့်၊ စီရင်ဆောင်ရွက်သူ၊ ယူဆောင်လျှောက်လှမ်းခြင်းဖြစ်သည့် ဝိညာဉ်တော်ဘုရားမှတစ်ဆင့် ကျွန်ုပ်တို့သည် မူလအစပြုသူ၊ တုနှိုင်းရာမဲ့အရင်းအမြစ်ဖြစ်သည့် ခမည်းတော်ဘုရားထံသို့ ဝင်ရောက်ခွင့်ရရှိကြသည် - အငယ်၊၁၈။

1. အနေအထားဆိုင်ရာ၌ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ ပြန်လည်သင့်မြတ်ခဲ့ကြသည်။ အတွေ့အကြုံဆိုင်ရာ၌ ကျွန်ုပ်တို့သည် ခမည်းတော်ထံသို့ ဝင်ရောက်ခွင့်ရကြသည် - အငယ်၊၁၆၊ ၁၈။

   a. ဘုရားသခင်ထံသို့ ပြန်လည်သင့်မြတ်ရခြင်းမှာ ကယ်တင်ခံရခြင်း ဖြစ်သည်။ ခမည်းတော်ထံသို့ ဝင်ရောက်ခွင့်ရခြင်းမှာ ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ရန် ဖြစ်သည်။

   b. ဘုရားသခင်ကို ကျွန်ုပ်တို့ဆက်သွယ်သည့်အခါ ကိုယ်တော်ထံ ခရစ်တော်မှတစ်ဆင့် ဝိညာဉ်တော်၌ ခမည်းတော်ထံသို့ ရောက်လာကြခြင်းဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့၏အတွေ့အကြုံ၌၊ ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက်ဖြစ်သော သုံးပါးတစ်ပါးဘုရားဖြစ်သည် - အငယ်၊၁၈။

2. ခမည်းတော်သည် သားတော်မှတစ်ဆင့် ဝိညာဉ်တော်၌ ကျွန်ုပ်တို့ထံ ရောက်လာသည်၊ ယခုတွင် ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ခမည်းတော်ထံသို့ သားတော်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ပေးသည်။ ဤအံ့ဩဖွယ်ရာ အသွားအပြန် လမ်းကြောင်းမှတစ်ဆင့် ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၏ ဝေငှဖြန့်ဖြူးခြင်းကို မွေ့လျော်ဝမ်းမြောက်ကြရသည် - ၂ကော၊၁၃း၁၄။ ဧ၊၃း၁၆-၁၇က။
3. သားတော်မှတစ်ဆင့် ဟူသည်မှာ သုံးပါးတစ်ပါးဘုရားမှတစ်ဆင့်ဖြစ်ပြီး၊ ဝိညာဉ်တော်၌ ဟူသည်မှာ သုံးပါးတစ်ပါး ဘုရား၌ဖြစ်၍၊ ခမည်းတော်ထံသို့ ဟူသည်မှာ သုံးပါးတစ်ပါးဘုရားထံသို့ ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့က သုံးပါးတစ်ပါး ဘုရားကို တွေ့ကြုံခံစားသည့်နည်းလမ်း၊ ကျွန်ုပ်တို့တည်ဆောက်ခံရနိုင်သည့် နည်းလမ်းပင် ဖြစ်သည် - ၂း၁၈၊၂၁-၂၂။

**II. ခရစ်တော်၌ ယုံကြည်သူများနှင့် ခရစ်တော်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအနေဖြင့် ကျွန်ုပ်တို့သည် "တမန်တော်များနှင့် ပရောဖက်များ၏ တိုက်မြစ်အပေါ်တွင် သင်တို့သည် ထပ်ဆင့်၍ တည်ဆောက်လျက်ရှိကြ၏။ ထိုတိုက်ထောင့်ကျောက်ကား၊ ခရစ်တော်ယေရှု ကိုယ်တော်တိုင် ဖြစ်သတည်း" - အငယ်၊၂၀။**

A. ခရစ်တော်၏နက်နဲခြင်း ဖြစ်သည့် အသင်းတော်ကို တမန်တော်များထံ ဖွင့်ပြပေးခဲ့ပြီဖြစ်သည့်အလျောက်၊ သူတို့ရရှိခဲ့သည့် ဖွင့်ပြခြင်းသည် အသင်းတော်ကို တည်ဆောက်ထားသည့် တိုက်မြစ်အဖြစ် မှတ်ယူထားခြင်းဖြစ်သည် - ၃း၄-၅။ ၂း၂၀။
1. ဤအရာသည် မဿဲ ၁၆း၁၈ ရှိ ကျောက်နှင့် အလားတူပြီး၊ ၎င်းသည် ခရစ်တော်ကိုယ်တော်တိုင်သာမက၊ ခရစ်တော်နှင့်စပ်လျဉ်းသည့် ဖွင့်ပြခြင်းကို ရည်ညွှန်းကာ၊ ၎င်းအပေါ် ကိုယ်တော်သည် သူ၏အသင်းတော်ကို တည်ဆောက်ထားခြင်း ဖြစ်သည်။
2. ကျွန်ုပ်တို့သည် တမန်တော်များနှင့် ပရောဖက်များအပေါ် အသင်းတော်ကို တည်ဆောက်ရန် လိုအပ်သည် - ဧ၊၂း၂၀။

B. ဧဖက် ၂း၂၀ ၌ ခရစ်တော်သည် တိုက်ထောင့်ကျောက်အဖြစ် ရည်ညွှန်းခံရသည်။
1. တိုက်ထောင့်ကျောက်အဖြစ် ခရစ်တော်သည် ဂျူးယုံကြည်သူများနှင့် တစ်ပါးအမျိုးသားယုံကြည်သူများကို သခင်ဘုရား၌ သန့်ရှင်းသောဗိမာန်တော်အထဲသို့ အတူတကွ ပေါင်းစည်းဆက်နွယ်ပေးသည် - ဆာ၊၁၁၈း၂၂-၂၆။ ဧ၊၂း၂၀-၂၂။
2. တိုက်ထောင့်ကျောက်ဖြစ်သည့် ခရစ်တော်သည် ဓမ္မသစ်ခေတ်၌ အသင်းတော်ကို တည်ဆောက်ခြင်းအတွက် ဖြစ် သည် - မ၊၁၆း၁၈။ ဧ၊၂း၂၀-၂၂။ ၁ပေ၊၂း၅။

a. ဘုရားသခင်၏ ဗိမာန်တော်အဖြစ် အသင်းတော်ကို တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့သည် ခရစ်တော်ကို တိုက်ထောင့်ကျောက်အဖြစ် တွေ့ကြုံခံစားရန် လိုအပ်သည် - အငယ်၊၆-၇။
b. တိုက်ထောင့်ကျောက်ဖြစ်သည့် ခရစ်တော်၌ အဆောက်အဦးတစ်ခုလုံးသည် သခင်ဘုရား၌ သန့်ရှင်းသောဗိမာန်တော်အထဲသို့ ကြီးထွားခြင်းရှိလေသည် - ဧ၂း၂၀-၂၂။

3. ဘုရားသခင်၏ဓမ္မသစ်စီမံကိန်း၌ တိုက်ထောင့်ကျောက်ဖြစ်သည့် ခရစ်တော်သည် ကျွန်ုပ်တို့ကို ကယ်တင်တော်မူခြင်း၌ (တ၊၄း၁၀-၁၂)၊ ရှေ့ဦးစွာ ကျွန်ုပ်တို့ကို ဘုရားသခင်၏ ဝိညာဉ်ဆိုက်ရာအိမ်တော် တည်ဆောက်ခြင်းအတွက် အသက်ရှင်သောကျောက်များဖြစ်စေပြီး (မ၊၁၆း၁၈။ ယော၊၁း၄၂။ ၁ပေ၊၂း၄-၇)၊ ထိုနောက် ကျွန်ုပ်တို့ကို ပုံသဏ္ဌာန်ပြောင်းလဲ ခြင်းဖြစ်စဉ်၌ (ရော၊၁၂း၂က။ ၂ကော၊၃း၁၈) ဘုရားသခင်၏ကိန်းဝပ်ရာနေရာအထဲသို့ ကျွန်ုပ်တို့ကို တည်ဆောက်ပေးကာ (ဧ၂း၁၉-၂၂)၊ ထိုသို့ဖြင့် ကိုယ်တော်သည် ဘုရားသခင်၏ ကောင်းသောကျေနပ်အားရခြင်းအတွက် ဘုရားသခင်၏ ထာဝရစီမံကိန်းကို သယ်ဆောင်ခြင်းရှိနိုင်မည်ဖြစ်သည် (၁း၉။၃း၉-၁၁)။

## III. တိုက်ထောင့်ကျောက်ဖြစ်သည့် ခရစ်တော်၌ "တစ်တိုက်လုံးသည် အတူတကွ စေ့စပ်၍၊ သခင်ဘုရား၌ သန့်ရှင်းသော ဗိမာန် တော်အထဲသို့ ကြီးထွားလျက်ရှိ၏" - ၂း၂၁။

A. *တစ်တိုက်လုံး* ဟူသောစကားစုသည် စကြဝဠာဆိုင်ရာ တည်ဆောက်ခြင်း၊ စကြဝဠာတစ်လျှောက်ရှိ အသင်းတော်ကို ရည်ညွှန်းသည် - အငယ်၊၂၁။

B. *စေ့စပ်* ဟူသောစကားလုံးမှာ အဆောက်အအုံ၏ အနေအထားနှင့် အခြေအနေအတွက် သင့်လျော်ကိုက်ညီခြင်းရှိရန် ပြု လုပ်ခံရခြင်းကို ဆိုလိုသည် - အငယ်၊၂၁။

1. အတူတကွ စေ့စပ်ခံရခြင်းမှာ ကိုယ်ခန္ဓာတော်၏ အစိတ်အပိုင်းအားလုံးသည် တစ်ခုတည်းသော ဖွဲ့စည်းတည်ဆောက်ပုံ ဖြစ်ပေါ်လာစေရန် အတူတကွ စေ့စပ်ကိုက်ညီခံရခြင်း ဖြစ်သည် - ၄း၁၆။
2. တည်ဆောက်ခြင်းတစ်ခု၌ ပစ္စည်းတန်ဆာများအားလုံးသည် အတူတကွ စေ့စပ်ခံရသည်။ ဤအရာသည် စုပုံထားရုံမျှသာမဟုတ်ဘဲ၊ တည်ဆောက်ခံရခြင်း ဖြစ်သည် - ၂း၂၁။

C. တည်ဆောက်ခြင်းသည် အသက်ရှင်နေသည့်အလျောက် ၎င်းသည် ကြီးထွားနေသည်၊ အကြောင်းမှာ ၎င်းသည် ရှင်သန်ခြင်း ရှိနေသည် - ၁ပေ၊၂း၅။

## ကြည်လင်ပြတ်သားစွာလေ့လာခြင်းကောက်နုတ်ချက်များ

1. ဤတည်ဆောက်ခြင်းသည် သန့်ရှင်းသောဗိမာန်တော်အထဲသို့၊ ဘုရားသခင်၏သန့်ရှင်းသော ကိန်းဝပ်ရာနေရာအထဲသို့ ကြီးထွားနေသည်။ ဤသည်မှာ သန့်ရှင်းသော ဗိမာန်တော်သည် အသက်ရှင်သော တည်ဆောက်ခြင်းဖြစ်ကြောင်း ရည်ညွှန်းသည် - ဧ၊၂း၂၁။
2. အပြင်ပန်းအရ ကြီးထွားခြင်းနှင့် တည်ဆောက်ခြင်းနှင့် သီးခြားအရာများဖြစ်ကြသည်။ အမှန်မှာ အိမ်ကို တည်ဆောက်ခြင်းသည် ကိုယ်ခန္ဓာတော်၏ ကြီးထွားခြင်းဖြစ်သည် - ၄း၁၅-၁၆။
3. ဗိမာန်တော်၊ ဘုရားသခင်၏အိမ်တော်ဖြစ်သည့် အသင်းတော်ကို တည်ဆောက်ခြင်းသည် ယုံကြည်သူများ အသက်၌ ကြီးထွားခြင်းအားဖြင့် ဖြစ်သည် - ၁ကော၊ ၃း၆-၇။ ဧ၊၄း၁၅-၁၆။ ကော၊၂း၁၉။ ၁ပေ၊၂း၂။
4. ကိုယ်ခန္ဓာတော်သည် ဘုရားသခင်၏ ကြီးထွားခြင်းနှင့်အတူ ကြီးထွားသည် - ကော၊၂း၁၉။
   a. ကိုယ်ခန္ဓာတော်၏ ကြီးထွားခြင်းသည် ကျွန်ုပ်တို့အတွင်း၌ ဘုရားသခင်၏ ကြီးထွားခြင်း၊ ဘုရားသခင်၏ပေါင်း ထည့်ပေးခြင်း၊ ဘုရားသခင်၏ တိုးပွားလာခြင်းအပေါ် မူတည်သည် - ဧ၊၄း၁၆။
   b. ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ထံ အတွင်းကျကျ နည်းလမ်း၌ ပေးအပ်ခြင်းအားဖြင့် ကြီးထွားခြင်းကို ပြုပေးနေသည်-၃း၁၆-၁၇က။
      (1) ဘုရားသခင်က ကျွန်ုပ်တို့ကို ကြီးထွားခြင်း ပေးရန်ဟူသည်မှာ ကိုယ်တော်သည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အား ပေးအပ်ခြင်းကို ဆိုလိုသည် - ၁ကော၊၃း၆-၇။
      (2) ဘုရားသခင်သည် ကျွန်ုပ်တို့ထံ ပေါင်းထည့်လေလေ၊ ကြီးထွားခြင်းကို ကိုယ်တော်ပေးလေလေဖြစ်သည် - ဧ၊၄း၁၅-၁၆။
5. အသင်းတော်သည် အသက်ဝေငှဖြန့်ဖြူးခြင်း၊ ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းအားဖြင့် ကြီးထွားသည် - ၂ကော၊၁၃း၁၄။
   a. သုံးဆသောဘုရားသခင် - ခမည်းတော်ဘုရား၊ သားတော်နှင့် ဝိညာဉ်တော် - သည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ် တို့အထဲသို့ အသက်နှင့် ကျွန်ုပ်တို့၏ အသက်မစရာအဖြစ် ဝေငှဖြန့်ဖြူးနေသည် - ဧ၊၃း၁၆-၁၇။
   b. အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားသည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ အသက်အဖြစ် ဝေငှဖြန့်ဖြူးနေ

သရှေ့ ကျွန်ုပ်တို့သည် ကျေးမွေးမစခြင်းခံရကာ၊ ကျွန်ုပ်တို့ကြီးထွားခြင်း ရှိကြသည် - ၄း၁၅-၁၆။

c. အသင်းတော်များ၌ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအသက်၏ ဝေငှဖြန့်ဖြူးခြင်းမှတစ်ဆင့် စစ်မှန်သော ကြီးထွားမှုအတွက် ဂရုစိုက်သင့်ပါသည် - ၁ကော၊၃း၆-၇။ ၂ပေ၊၁း၅-၇။

D. တည်ဆောက်ခြင်းတစ်ခုလုံးသည် သန့်ရှင်းခြင်း ဖြစ်လာသည် - ဧ၊၂း၂၁။

1. ဘုရားသခင်က သန့်ရှင်းသောအရှင်ဖြစ်သည့် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ဖြည့်သွင်းပေးခြင်းအားဖြင့် ကျွန်ုပ်တို့ကို သန့်ရှင်းစေသည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးသည် ကိုယ်တော်၏ သန့်ရှင်းသောသဘောသဘာဝဖြင့် ပျော်ဝင်ပြည့်ဝခြင်းနှင့် စိမ့်ဝင်ခြင်း ရှိနိုင်မည်ဖြစ်သည် - ၁း၄။ ၁သက်၊၅း၂၃။

2. ဘုရားသခင်၏ရွေးချယ်ခံများဖြစ်သည့် ကျွန်ုပ်တို့အဖို့ သန့်ရှင်းခြင်းရှိရန်မှာ ဘုရားသခင်၏ ဘုရားဆိုင်ရာ သဘောသဘာဝကို ယူဆောင်ရန်နှင့် ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးကို ဘုရားသခင်ကိုယ်တော်တိုင်ဖြင့် ပျော်ဝင်ပြည့်ဝခြင်းရှိရန် ဖြစ်သည်။ ဤအရာက ကျွန်ုပ်တို့ဖြစ်ခြင်းကို ဘုရားသခင်၏ သဘောသဘာဝနှင့် အမူအကျင့်၌ ဘုရားသခင်ကိုယ်တော်တိုင်နည်းတူပင် သန့်ရှင်းခြင်းရှိစေမည်ဖြစ်သည် - ၂ပေ၊၁း၄။ ဧ၊၅း၂၇။ ကော၊၁း၂၂။

E. တည်ဆောက်ခြင်းတစ်ခုလုံးသည် သခင်ဘုရား၌ ဗိမာန်တော်အထဲသို့ ကြီးထွားခြင်း ရှိနေသည် - ဧ၊၂း၂၁။

1. အပိုဒ်ငယ် ၂၁ ၌ "ဗိမာန်တော်"ဟု ဖော်ပြထားသည့် ဂရိစကားလုံးမှာ ဗိမာန်တော်၏အတွင်းပိုင်းဖြစ်သည့် သန့်ရှင်းရာ ဌာနတော်ကို ဆိုလိုသည်။

2. အသင်းတော်သည် ဘုရားသခင်၏ ဗိမာန်တော်ဖြစ်သည်။ ထိုသို့အနေဖြင့် ယင်းသည် သန့်ရှင်းသောဘုရားသခင်၏ သန့်ရှင်းရာဌာနတော်၊ ဘုရားသခင်၏ ဝိညာဉ်တော် ကိန်းဝပ်နေရာ ဗိမာန်တော် ဖြစ်သည် - ၁ကော၊၃း၁၆-၁၇။

a. အပိုဒ်ငယ် ၁၆ ရှိ *ဘုရားသခင်၏ဗိမာန်တော်* သည် ဒေသန္တရတစ်စုံတစ်ခုရှိ စုပေါင်းခြင်းဆိုင်ရာ ယုံကြည်သူများကို ရည်ညွှန်းပြီး၊ အပိုဒ်ငယ် ၁၇ ရှိ *ဘုရားသခင်၏ဗိမာန်တော်* မှာမူ စကြဝဠာဆိုင်ရာ ယုံကြည်သူများအားလုံးကို ရည်ညွှန်းသည်။

b. စကြဝဠာ၌ ဘုရားသခင်၏ တုနိုင်းရာမဲ့ ဝိညာဉ်ဆိုင်ရာ ဗိမာန်တော်သည် မြေကြီးပေါ်တွင် များစွာသောဒေသန္တရများ၌ ထင်ရှားခြင်းရှိသည်၊ ထိုထင်ရှား

ခြင်းတစ်ခုစီသည် ထိုဒေသန္တရ၌ ဘုရားသခင်၏ ဗိမာန်တော်ပင် ဖြစ်သည် - ဧ၂း၂၁-၂၂။

3. ယေရုရှလင်မြို့သစ်၌ ဗိမာန်တော်မရှိပေ၊ အကြောင်းမှာ အနန္တတန်ခိုးရှင် သခင်ဘုရား ဘုရားသခင်နှင့် သိုးသငယ်သည် ၎င်း၏ဗိမာန်တော်ဖြစ်သောကြောင့်တည်း - ဗျာ၂၂း၂၂။
   a. သန့်ရှင်းသောမြို့တော် ယေရုရှလင်မြို့သည် တစ်ခုလုံးအနေဖြင့် အသန့်ရှင်းဆုံးဌာနဖြစ်လိမ့်မည်။ ထို့ကြောင့် ထိုနေရာတွင် ဗိမာန်တော် မရှိပေ - အငယ်၊၁၆။
   b. အတွင်းပိုင်းဗိမာန်တော်သည် အနန္တတန်ခိုးရှင် သခင်ဘုရား ဘုရားသခင်နှင့် သိုးသငယ်ဖြစ်သည် - အငယ်၊၂၂။
4. ဘုရားသခင့်အိမ်တော်၏ တည်ဆောက်ခြင်းတစ်ခုလုံး၊ ကိုယ်တော်၏သန့်ရှင်းရာဌာနတော်သည် ခရစ်တော် သခင် ဘုရား၌ ဖြစ်သည် - ဧ၂း၂၁။

**IV. ဖေက်မြို့ရှိ ဒေသန္တရသန့်ရှင်းသူများကို ရည်ညွှန်းရာတွင် ပေါလုက "ထိုသူ၌ သင်တို့သည်လည်း ဝိညာဉ်၌ ဘုရားသခင်၏ ကိန်း ဝပ်ရာနေရာအထဲသို့ အတူတကွ တည်ဆောက်ခြင်းခံလျက် ရှိကြ၏" ဟု ပြောထားသည် - အငယ်၊၂၂။**

A. ဗိမာန်တော်နှင့် ကိန်းဝပ်ရာနေရာတို့သည် တူညီသောအရာတစ်ခု၏ သွင်ပြင်နှစ်ခုကို ရည်ညွှန်းသည် - အငယ်၊၂၁-၂၂။
   1. ဗိမာန်တော်သည် ဘုရား၏လူများက ဘုရားသခင်ကို ဆက်သွယ်ရာ၊ ဘုရားသခင်ကို ကိုးကွယ်ရာ၊ ကိုယ်တော်၏ ဗျာဒိတ်တော်ကို ကြားနာရာနေရာ ဖြစ်သည် - အငယ်၊၂၁။
   2. ဘုရားသခင်၏ကိန်းဝပ်ရာနေရာသည် နားခိုရာနေရာဖြစ်သည်။ ဘုရားသခင်သည် ကိုယ်တော်၏ကိန်းဝပ်ရာနေရာ၌ နားခိုတော်မူသည် - အငယ်၊၂၂။
   3. ဗိမာန်တော်နှင့် ကိန်းဝပ်ရာနေရာတို့သည် သီးခြားနေရာနှစ်ခုမဟုတ်ပါ။ ထိုအစား ၎င်းတို့သည် တူညီသောတည် ဆောက်ခြင်းတစ်ခု၏ သွင်ပြင်နှစ်ခု၊ လုပ်ဆောင်ချက် သို့မဟုတ် အသုံးပြုမှု နှစ်ခု ဖြစ်သည်။

B. အပိုဒ်ငယ် ၂၂ ရှိ *သည်လည်း* ဟူသောစကားလုံးမှာ အပိုဒ်ငယ် ၂၁ ရှိ တည်ဆောက်ခြင်းသည် စကြဝဠာဆိုင်ရာဖြစ်ပြီး၊ အပိုဒ်ငယ် ၂၂ ရှိ တည်ဆောက်ခြင်းသည် ဒေသန္တရဖြစ်ကြောင်း ညွှန်ပြနေသည်

## ၁ နှင့် ၂ ဘုရင်များစာစောင်

1. စကားစပ်အရ အပိုဒ်ငယ် ၂၁ ရှိ သန့်ရှင်းသောဗိမာန်တော်သည် စကြဝဠာဆိုင်ရာဖြစ်ပြီး၊ အပိုဒ်ငယ် ၂၂ ရှိ ဘုရားသခင်၏ ကိန်းဝပ်ရာနေရာသည် ဒေသန္တရဖြစ်သည်။
2. စကြဝဠာဆိုင်ရာအရ အသင်းတော်သည် တုန့်နိုင်းရာမဲ့တစ်ပါးတည်းဖြစ်ကာ၊ စကြဝဠာဆိုင်ရာ ကြီးထွားနေသည်။ ဒေသန္တရဆိုင်ရာအရ ဒေသတစ်စုံတစ်ခုရှိ အသင်းတော်သည်လည်း တစ်ပါးတည်းဖြစ်ကာ၊ ဒေသန္တရသန့်ရှင်းသူများသည် မိမိတို့၏ သက်ဆိုင်ရာဒေသ၌ အတူတကွ တည်ဆောက်ခြင်း ခံကြရသည် - အငယ်၊၂၁-၂၂။ ၁ကော၊၁း၂။ ၃း၁၆-၁၇။

C. ဘုရားသခင်၏ကိန်းဝပ်ရာနေရာသည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ဖြစ်သည် - ၈၊၂း၂၂။
   1. အပိုဒ်ငယ် ၂၁ တွင် သန့်ရှင်းသောဗိမာန်တော်သည် သခင်ဘုရား၌ ရှိပြီး၊ အပိုဒ်ငယ် ၂၂တွင် ဘုရားသခင်၏ကိန်းဝပ်ရာနေရာသည် ဝိညာဉ်၌ရှိကြောင်း ပြောထားသည်။
   2. ဤသည်မှာ ဘုရားသခင်၏ကိန်းဝပ်ရာနေရာကို တည်ဆောက်ခြင်းအတွက် သခင်ဘုရားသည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ တစ်လုံးတစ်ဝဖြစ်နေပြီး၊ ကျွန်ုပ်တို့၏ ဝိညာဉ်သည် သခင်ဘုရားနှင့်အတူ တစ်လုံးတစ်ဝဖြစ်နေကြောင်း ရည်ညွှန်းသည် - ၁ကော၊၆း၁၇။
   3. ကျွန်ုပ်တို့၏ဝိညာဉ်သည် ဘုရားသခင်၏ကိန်းဝပ်ရာနေရာကို တည်ဆောက်ခြင်း ဖြစ်တည်ရာနေရာဖြစ်သည်။